# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် ယှဉ်တွဲ ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့် နေရာ | အနိမ့်ဆုံးရှိရမည့်အရည်အချင်း/ သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ကျား/မ<br>(၂၀) နေရာ | ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)<br>စီးပွားရေးပညာဘွဲ့ (စာရင်းအင်း)<br>B.Econ (Statistics)<br>စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)<br>B.Econ (Economics)<br>စာရင်းကိုင်ပညာဘွဲ့ (B.Act)<br>စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့(B.B.A)<br>ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့(B.P.A)<br>ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)B.A (English)<br>ဥပဒေဘွဲ့(LL.B) |
| (ခ) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ကျား/မ<br>(၅) နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်(က)အတွက် လျှောက်ထားသူများသည် ၃၀-၁၁-၂၀၂၁ ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထား ရမည်)၊ အမှတ်စဉ်(ခ)အတွက် လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၁ ရက်နေ့တွင် အသက်(၂၅)နှစ်အထက် မကျော်လွန်သူ (ဌာနတွင်း၌ တာဝန်ထမ်းဆောင်နေသူဖြစ် ပါက အသက် ၃၅ နှစ်ထက် မကျော်စေရ)။

(ဃ) ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် Download ရယူနိုင်ပြီး လျှောက်လွှာတွင် ပါရှိသော အချက်များကို ပြည့်စုံစွာရေးသွင်းရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ကိုယ်ရေးမှတ်တမ်းအကျဉ်း၊

(ခ) အမှတ်စဉ်(က)အတွက် ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ အမှတ်စဉ်(ခ)အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုချိန်တွင် မူရင်းယူဆောင်လာရမည်)၊

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(င) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ကာလာဓါတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊

(စ) (၂)လအတွင်း ပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့် (မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းရုံး အဆောက်အအုံ) သို့ လိပ်မူ၍ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ administration@secm.gov.mm နှင့် hr.secm.hr@gmail.com သို့ e-mail ပေးပို့၍ ဖြစ်စေ ၃၀-၁၁-၂၀၂၁ ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။ လူကိုယ်တိုင်လာရောက်လျှောက်ထားရန်မလိုပါ။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသည့် လျှောက်လွှာများ၊ စည်းကမ်းနှင့်မကိုက်ညီသည့် လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့် အထောက်အထားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တစ်ဆင့် ဤကော်မရှင်ရုံးသို့ ၇-၁၂-၂၀၂၁ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်ကို ဤကော်မရှင်ရုံးသို့ ၃၀-၁၁-၂၀၂၁ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၉-၁၂-၂၀၂၁ ရက်နေ့နှင့် ၁၀-၁၂-၂၀၂၁ ရက်နေ့တို့တွင်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို အမှတ်စဉ်(က) ရာထူးအတွက် ၁၁-၁၂-၂၀၂၁ ရက်နေ့တွင် လည်းကောင်း၊ အမှတ်စဉ်(ခ) ရာထူးအတွက် ၁၂-၁၂-၂၀၂၁ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာစာနှင့် အထွေထွေဗဟုသုတ - (၂)နာရီမေးခွန်း

(ခ) အင်္ဂလိပ်စာ - (၂)နာရီမေးခွန်း

(ဂ) ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲနှင့်ကွန်ပျူတာစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းများနှင့် အညီ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

၁၀။ ရေးဖြေဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်ပြီး ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ဖြေဆိုရမည့် နေ့ရက်နှင့်နေရာတို့ကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးနှင့် ၎င်းကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် ဖော်ပြထားပါမည်။

၁၁။ အသေးစိတ်သိရှိလိုပါက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ် ၀၁-၈၃၈၆၆၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

သို့

ညွှန်ကြားရေးမှူးချုပ်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

ရက်စွဲ၊ -----------------------

အကြောင်းအရာ။ ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူးနေရာအတွက် လျှောက်ထားခြင်းကိစ္စ

ကျွန်တော်/ ကျွန်မ ---------------------------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------------------------------ကိုင်ဆောင်သူသည်-----------------------------ဘွဲ့ရရှိခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူးအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါသဖြင့် ဝင်ရောက်ဖြေဆိုခွင့်ပြုနိုင်ပါရန် စာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားအပ်ပါသည်-

- ကိုယ်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မိတ္တူ)
- ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်(မိတ္တူ)
- (၂)လအတွင်းရိုက်ထားသော ပတ်စပို့အရွယ် (၁.၂" x ၁.၄") ကာလာဓါတ်ပုံသုံးပုံ
- (၂)လအတွင်း ပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းထောက်ခံစာမိတ္တူ
- ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးလျှင်အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်
- အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(လျှောက်ထားသူလက်မှတ်)

| | |
|---|---|
| အမည် | - -------------------------------- |
| ဆက်သွယ်ရန် | - -------------------------------- |
| နေရပ်လိပ်စာ/ဖုန်းနံပါတ် | - -------------------------------- |
| e-mail | - -------------------------------- |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
## ဒုတိယဦးစီးမှူးရာထူးလျှောက်ထားခြင်းအတွက် ကိုယ်ရေးမှတ်တမ်းပုံစံ

| | | | |
|---|---|---|---|
| ၁။ | အမည် | - | ------------------------------------------------ |
| ၂။ | အခြားအမည်(ရှိလျှင်) | - | ------------------------------------------------ |
| ၃။ | မိဘအမည် | - | ------------------------------------------------ |
| ၄။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | ------------------------------------------------ |
| ၅။ | အသက်/မွေးသက္ကရာဇ်(ရက်၊လ၊ခုနှစ်) | - | ------------------------------------------------ |
| ၆။ | လူမျိုး/ဘာသာ | - | ------------------------------------------------ |
| ၇။ | မွေးဖွားအရပ် | - | ------------------------------------------------ |
| ၈။ | ကိုယ်အလေးချိန် | - | ------------------------------------------------ |
| ၉။ | အရပ်အမြင့် | - | ------------------------------------------------ |
| ၁၀။ | ပညာအရည်အချင်း/ဘွဲ့ | - | ------------------------------------------------ |
| ၁၁။ | အခြားတက်ရောက်ခဲ့သည့်သင်တန်းများနှင့်- | | ------------------------------------------------ |
| | အောင်မြင်မှုအရည်အချင်း | | ------------------------------------------------ |
| ၁၂။ | အခြားကျွမ်းကျင်သည့်ဘာသာစကား | - | ------------------------------------------------ |
| ၁၃။ | အလုပ်အကိုင် | - | ------------------------------------------------ |
| ၁၄။ | အလုပ်သမားမှတ်ပုံတင်အမှတ် | - | ------------------------------------------------ |
| ၁၅။ | ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ | - | ------------------------------------------------ |
| | လစာနှုန်းနှင့် ဌာနအမည် | | ------------------------------------------------ |
| ၁၆။ | အိမ်ထောင်ရှိ/မရှိ | - | ------------------------------------------------ |
| ၁၇။ | ဆက်သွယ်ရန်နေရပ်လိပ်စာနှင့်ဖုန်းနံပါတ်- | | ------------------------------------------------ |
| | | | ------------------------------------------------ |
| ၁၈။ | အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ | - | ------------------------------------------------ |
| | | | ------------------------------------------------ |

အထက်ဖော်ပြပါ ရေးသွင်းချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

(ထိုးမြဲလက်မှတ်)

ရက်စွဲ၊-----------------------------

သို့

ညွှန်ကြားရေးမှူးချုပ်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

ရက်စွဲ၊ ----------------------

အကြောင်းအရာ။ အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) ရာထူးနေရာအတွက် လျှောက်ထားခြင်းကိစ္စ

ကျွန်တော်/ ကျွန်မ --------------------------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------------------------------ကိုင်ဆောင်သူသည်-------------------ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) ရာထူးအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါသဖြင့် ဝင်ရောက်ဖြေဆိုခွင့်ပြုနိုင်ပါရန် စာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားအပ်ပါသည်-

- ကိုယ်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- အသက်/ ပညာအရည်အချင်း အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မိတ္တူ)
- (၂)လအတွင်းရိုက်ထားသော ပတ်စပို့အရွယ် (၁.၂" x ၁.၄") ကာလာဓါတ်ပုံသုံးပုံ
- (၂)လအတွင်း ပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းထောက်ခံစာမိတ္တူ
- ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးလျှင်အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်
- အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(လျှောက်ထားသူလက်မှတ်)

| | |
|---|---|
| အမည် | - -------------------------------- |
| ဆက်သွယ်ရန် | - -------------------------------- |
| နေရပ်လိပ်စာ/ဖုန်းနံပါတ် | - -------------------------------- |
| e-mail | - -------------------------------- |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

**အငယ်တန်းစာရေးရာထူးလျှောက်ထားခြင်းအတွက် ကိုယ်ရေးမှတ်တမ်းပုံစံ**

၁။ အမည် - ----------------------------------------------

၂။ အခြားအမည်(ရှိလျှင်) - ----------------------------------------------

၃။ မိဘအမည် - ----------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ----------------------------------------------

၅။ အသက်/မွေးသက္ကရာဇ်(ရက်၊လ၊ခုနှစ်) - ----------------------------------------------

၆။ လူမျိုး/ဘာသာ - ----------------------------------------------

၇။ မွေးဖွားအရပ် - ----------------------------------------------

၈။ ကိုယ်အလေးချိန် - ----------------------------------------------

၉။ အရပ်အမြင့် - ----------------------------------------------

၁၀။ ပညာအရည်အချင်း/ဘွဲ့ - ----------------------------------------------

၁၁။ အခြားတက်ရောက်ခဲ့သည့်သင်တန်းများနှင့်- ----------------------------------------------
အောင်မြင်မှုအရည်အချင်း ----------------------------------------------

၁၂။ အခြားကျွမ်းကျင်သည့်ဘာသာစကား - ----------------------------------------------

၁၃။ အလုပ်အကိုင် - ----------------------------------------------

၁၄။ အလုပ်သမားမှတ်ပုံတင်အမှတ် - ----------------------------------------------

၁၅။ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ - ----------------------------------------------
လစာနှုန်းနှင့် ဌာနအမည် ----------------------------------------------

၁၆။ အိမ်ထောင်ရှိ/မရှိ - ----------------------------------------------

၁၇။ ဆက်သွယ်ရန်နေရပ်လိပ်စာနှင့်ဖုန်းနံပါတ်- ----------------------------------------------
----------------------------------------------

၁၈။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ - ----------------------------------------------
----------------------------------------------

အထက်ဖော်ပြပါ ရေးသွင်းချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

(ထိုးမြဲလက်မှတ်)

ရက်စွဲ၊-----------------------------